http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ကိုတင့် စီစဉ်ရေးဆွဲသည့်

ရွှေမောင်

ဆေးရောင်စုံရုပ်ပြ

မြေရသုတရုပ်စုံ

No. 4 , October , 2011

Shwe Moung Colourful Mini Comic

ပိစိကလွေးနှင့် ဘုတ်အိမ ပါဝင်သော

ကာယ ဒုစရိုက် ဟူသည်

"မေတ္တာ"သည် "ရေ"နှင့်တူသည်။ "ဒေါသ"သည် "မီး"နှင့်တူ၏။
"ရေ"များလေ "မီး"ငြိမ်းလေ ဖြစ်သည်။
ထို့ကြောင့် "ဒေါသ"နည်းအောင် "မေတ္တာ"တိုးပွားဖို့ ကြိုးစားသင့်ကြပါသည်။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ




ဒုစရိုက် (၁၀) ပါး

သက်သတ် ခိုးမှု ကာမေသု
သုံးခု ကာယကံ။
မုသားဆိုပြော ကုန်းချော ရန်တိုက်
အမိုက်အမဲ ဆဲရေးခြောက်ခြိမ်း
အပြိန်းစကား နှေစဉ်ပွား
လေးပါး ဝစီကံ။
သူစည်းစိမ်ကို ငါပိုင်လိုမှု
သူသက်ဇီဝေ သေစေချင် ဟု
အယူမှောက်မှား နှေစဉ်ပွား
သုံးပါး မနောကံ။

"မကောင်းမှု"ဒုစရိုက် ဟူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် (အပါယ်လေးဘုံ)သို့ ကျရောက်စေနိုင်သော အမှုအကျင့်များဖြစ်၏။ ဒုစရိုက်(၁၀)ပါး တွင် ပါဝင်သော "ကာယ ဒုစရိုက်"(၃)ပါး ကို လူငယ်များ ကောင်းစွာသိရှိနားလည်ပါမှ ထို "ဒုစရိုက်"ကို ရှောင်ကျဉ်နိုင်ကြစေရန် ဥပမာ ဇာတ်တော်များဖြင့် ရှင်းလင်းရေးဆွဲထားပါသည်။


http://www.dhammadownload.com

ကျောင်းပိတ်ရက် တစ်ရက်တွင်---"ဘုတ်အိမ"နှင့် "ပိစိကွေး"တို့မောင်နှမ နှစ်ယောက်တို့သည် ဦးပဉ္စင်း "ဦးဇဝန"ထံသို့ ရောက်လာကြရာ--



ဟော--ငါ့ ဒကာလေးတို့ မောင်နှမ ဘုန်းဘုန်း ဆီကို မရောက် တာတောင်ကြာပြီ--နော်


တင်ပါ့--ဘုရား-- ကျွန်ုပ် နဲ့ ကျောင်းသူးနေရတာနဲ့ ဘုန်းဘုန်းဆီကို မရောက်နိုင် ကြတာပါ--ဘုရား--



အင်းလေ--ကျောင်းတက်ရပြီ ဆိုတာနဲ့--ကျောင်းနဲ့--ကျွန်ုပ်--လုံးချာလည် နေကြတာ--ခုခေတ် ကျောင်းသားတွေ အားလုံး--ပါပဲလေ--



ဘာပဲဖြစ်ဖြစ်--အဲဒီလို မအားလပ်တဲ့ကြားကနေ--အခုလို ဘုန်းဘုန်းဆီရောက်လာကြတာ ဘုန်းဘုန်းတော့--ဒကာလေးတို့ မောင်နှမကို ချီးကျူးရမှာပဲ



ကဲ--ဟိုတစ်ခေါက်က-- ငရဲကြီးရှစ်ထပ် အကြောင်း ပြောပြခဲ့ပြီးပြီ ဆိုတော့--"ပြိတ္တာ"အကြောင်း ပြောပြရဦးမယ်



ဟိုတစ်ပတ်တုန်းက သားတို့"လေးလေး"ပြောပြလို့ "ပြိတ္တာ"နဲ့"အသုရကာယ"အကြောင်း သိခဲ့ရပါပြီဘုရား--

သြော်--ဒကာလေးတို့ ဦးလေး ဒကာကြီး"မောင်ဝ"က ဗုဒ္ဓ ဓမ္မ စာပေတွေ ဖတ်မှတ်လေ့လာထားတာဆိုတော့ ဒါတွေပြောပြနိုင်တာပေါ့--

ဒါဆိုရင်--အပါယ်လေးဘုံ အကြောင်း ဒကာလေးတို့--သိပြီးကြပြီဆိုတော့--အဲဒီ"အပါယ်လေးဘုံ"ကို ကျရောက်စေနိုင်တဲ့--"ဒုစရိုက်(၁၀)ပါး"အကြောင်း ပြောပြမယ်လေ--မကောင်းဘူးလား--

တင်ပါ့ဘုရား တပည့်တော်တို့လည်း--အဲဒါကို သိချင်နေတာပါဘုရား--

Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com




http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com



http://www.dhammadownload.com




http://www.dhammadownload.com

"ကာယဒုစရိုက်" ထဲက "ပါဏာတိပါတ ဒုစရိုက်" ဆိုတဲ့သူများအသက်ကိုသတ်ခြင်း မကောင်းမှုကို ပြုသူတွေဟာ--
"ငရဲ" မှာ နှစ်ပေါင်းများစွာခံကြရပြီးတဲ့နောက်-- "လူ" ပြန်ဖြစ်ခွင့်မရကြသေးဘဲ တိရိစ္ဆာန် ဘဝနဲ့ သူတစ်ပါး သတ်ဖြတ်တာကိုခံကြရတယ်--



အဲဒီလို "လူ" ဖြစ်လာသူတွေဟာ၊

(၁) ကိုယ်အင်္ဂါချို့တဲ့ခြင်း၊
(၂) ကိုယ်အင်္ဂါ အချိုးအစားမကျခြင်း၊
(၃) ပုံမှန်မဟုတ်ဘဲ လေးဖင့်နေးကွေးသူဖြစ်ရခြင်း၊
(၄) ခြေဖဝါး၊ လက်ဖဝါးတို့ မညီမညာဖြစ်ရခြင်း၊
(၅) ရုပ်ရည်မလှမပ(အကျည်းတန်၊အရုပ်ဆိုး)သူဖြစ်ရခြင်း၊
(၆) အဖိုးတန်ရတနာများ၊ အဝတ်ကောင်းများ ဝတ်ဆင်ရ
သော်လည်း တောက်တောက်ပြောင်ပြောင်မရှိဘဲ မှေးမှိန်ရခြင်း၊
(၇) အသားအရေ ကြမ်းတမ်းခြင်း၊
(၈) အမြဲတစေ ကြောက်ရွံ့ထိတ်လန့်နေတတ်ခြင်း၊
(၉) ခွန်အားဗလနည်းပါးခြင်း၊
(၁၀) စကားကိုပြေပြစ်စွာမပြောတတ်ခြင်း၊
(၁၁) လူအများမုန်းတီးမှုကိုခံရခြင်း၊
(၁၂) မိမိ၏ အခြွေအရံပရိသတ်များ ပျက်စီးရခြင်း၊
(၁၃) ထိတ်လန့်တတ်ခြင်း၊
(၁၄) လက်နက်ဖြင့်သော်လည်းကောင်း၊ အဆိပ်ခပ်၍
သော်လည်းကောင်း လုပ်ကြံသတ်ဖြတ်ခံရခြင်း၊
(၁၅) သူတစ်ပါးပယောဂကြောင့် သက်တမ်းမစေ့မီ သေရခြင်း၊
(၁၆) တွေဝေမိုက်မဲတတ်ခြင်း၊
(၁၇) အခြွေအရံပရိသတ်မရှိဖြစ်ရခြင်း၊
(၁၈) ရှဏစက်ဆုတ်ဖယ် ကိုယ်ခန္ဓာဖြစ်ရခြင်း၊
(၁၉) အလွန်ခါးကုန်းသောသူဖြစ်ခြင်း၊
(၂၀) အနာရောဂါများခြင်း၊
(၂၁) စိုးရိမ်သောက မှု များနေရခြင်း၊
(၂၂) ချစ်ခင်သော သား၊ သမီးများနှင့် ရှင်ကွဲ၊
သေကွဲကွဲကွာရခြင်း၊
(၂၃) ဖြစ်လေရာဘဝ၌ အသက်တိုခြင်း၊
ဆိုတဲ့ "ဝဋ်ကြွေး" တွေ ခံကြရသတဲ့---



http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com

ခိုးမှုကံ နှင့် ပတ်သက်ပြီး--
ဥပမာဇာတ်တော်တစ်ခု--ပြောပြမယ်--
ဟိုးရှေးရှေး တုန်းက "ဖုဿ" ဘွဲ့အမည်ရှိတဲ့
ဗုဒ္ဓ ဘုရားရှင် တစ်ဆူ ပွင့်ခဲ့ဖူးတယ်

"ဖုဿ" ဘုရားရှင် ရဲ့ညီတော်သုံးယောက်တို့က "ဖုဿ" ဘုရားရှင် ကိုလှူဒါန်းဖို့
အတွက် အတွက် ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်ပြီးတဲ့အခါ--

ဘုရားရှင် နှင့် နောက်ပါရဟန်းသံဃာတော်တွေ့ ကို ဆွမ်းကပ်လှူဖို့
သူတို့ရဲ့ဘဏ္ဍာထိန်း(ငွေကြေးဥစ္စာတွေ့ကိုထိန်းသိမ်းစောင့်ရှောက်
ပေးရတဲ့သူ)ကိုတာဝန်ပေးလိုက်တယ်


"ဘဏ္ဍာထိန်း" ကလည်း သူကို တာဝန်ပေးတဲ့အတိုင်း
သူလက်အောက်မှာ အလုပ်လုပ်ကြတဲ့ အလုပ်သမားတွေ့ကို
ဆွမ်းချက်ဖို့ ဆန် ၊ဆီ ရိက္ခာတွေ့ အပြည့့်အစုံ ဝယ်ပေးတယ်


ဆွမ်းချက်တဲ့ အလုပ်သမားတွေ့ထဲမှာ မသမာတဲ့သူအချို့
ပါလာတာကို "ဘဏ္ဍာထိန်း" မသိဘူးလေ--အဲဒီလူတွေ့က
ဆွမ်းချက်ဖို့ထားတဲ့ ရိက္ခာတွေ့ကို သူတို့အလိုရှိသလောက်
ခိုးယူပြီး--ထွက်ပြေးဖို့ကြံစည်ကြတယ်--

ထွက်ပြေးကြတဲ့အခါ--"ဘဏ္ဍာထိန်း" ရဲ့
လူတွေ့ သူတို့နောက်ကိုမလိုက်နိုင်အောင်
အဲဒီ ဆန်၊ ဆီ ရိက္ခာတွေ့ထားတဲ့ သိုလှောင်ရုံကြီး
ကိုပါ--မီးရှို့ဖျက်ဆီး ခဲ့ကြပြန်သတဲ့--


http://www.dhammadownload.com

အဲဒီ"သူခိုး"တွေ ဟာ သူတို့သေလွန်ကြတဲ့အခါ--"ငရဲ"ကို ကျရတော့တာပေါ့--
ဘုရား အဆူဆူ ပွင့်တော်မူခဲ့တဲ့အထိ--အဲဒီသူတွေဟာ "ငရဲ"က မလွှတ်ခဲ့ကြသေးဘူးဆိုပါတော့--





"ကကုသန်"ဘဲ့တော်အမည်ရှိတဲ့ ဘုရားရှင်ပွင့်တဲ့အခါအဲဒီ"သူခိုး"တွေဟာ
"ငရဲ"ကနေလွှတ်ပြီး "ပြိတ္တာ"ဘဝကိုရောက်ခဲ့ကြရပြန်တယ်--ဘုရား နဲ့
ရဟန်းတော်တွေကိုလှူမယ့်ဆွမ်းကို ခိုးယူ ဖျက်ဆီးခဲ့သူတွေဖြစ်လို့
"ပြိတ္တာ"ဘဝမှာလည်း ဘာမှ မစားရ မသောက်ရတဲ့ "အစာငတ်၊ရေငတ် ပြိတ္တာ"
ဖြစ်ကြရတော့တာပေါ့




ဒီလိုနဲ့ "ဂေါတမ"ဗုဒ္ဓဘုရားရှင် ပွင့်တော်မူလာတဲ့
အချိန်ရောက်လာခဲ့တယ်အခါ အဲဒီတုန်းက"ဘဏ္ဍာထိန်း"က
"ဗိမ္ဗိသာရ"မင်းကြီး ဖြစ်လာတယ်လေ--



"ဗိမ္ဗိသာရ"မင်း ဆိုတာ--
"အဇာတသတ်"ရဲ့(ဖခမည်းတော်)အဖေကြီး လေ--
ဒကာလေး တို့သိတယ်မဟုတ်လား

တင်ပါ့ဘုရား--
သိပါတယ်ဘုရား--



ဆွမ်းရိက္ခာခိုးယူခဲ့တဲ့"သူခိုး"တွေကတော့
"အစာငတ်၊ရေငတ် ပြိတ္တာ"ဘဝကနေ မကျွတ်လွှတ်
သေးဘူးပေါ့--

http://www.dhammadownload.com

"ဗိမ္ဗိသာရ" မင်းကြီးဟာ "ဂေါတမ" ဗုဒ္ဓ ဘုရားရှင်ကို "ဝေဠုဝန်" ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းတဲ့အခါ--မင်းကြီး က ရေစက်ချပြီး အမျှဝေဖို့မေ့လျော့နေသတဲ့---

"ဗိမ္ဗိသာရ" မင်းကြီး အမျှဝေရင် "သာဓု" ခေါ်ဖို့ စောင့်မျှော်နေကြတဲ့ အဲဒီ "ပြိတ္တာ" တွေခမြာ မင်းကြီးကို မကျေမနပ်ဖြစ်ကြပြီး--ညအချိန်ရောက်တာနဲ့ စူးစူးဝါးဝါး အော်ဟစ်ကြတယ်

ကယ်ကြပါ...အုံး...ရှင်...

အဲဒီ "ပြိတ္တာ" တွေရဲ့အော်သံကိုကြားရတော့ မင်းကြီးကလည်း ဘုရားရှင်ကို အဲဒီကိစ္စ မေးမြန်းလျှောက်ထားတယ်လေ--

အဲဒီတော့မှ--"ဗိမ္ဗိသာရ" မင်းကြီးက အလှူကြီးပေးလို့ အဲဒီပြိတ္တာတွေကိုရည်စူးပြီး အမျှအတန်းဝေလိုက်တယ်လေ--

ဘုရားရှင် က "ပြိတ္တာ" တွေ အော်ဟစ်ရတဲ့ အကြောင်းကို အတိတ်ဇာတ်ကြောင်း ပြောပြပြီး တရားဟောကြားတော်မူတယ်

သာဓု...သာဓု...သာဓု...

အဲဒီတော့မှ--ခိုးမူကြောင့် "ပြိတ္တာ" ဖြစ်နေကြရတဲ့ သူ တွေဟာ ဝမ်းမြောက်ဝမ်းသာ "သာဓု" ခေါ်ကြတယ်-- အဲဒီလို "သာဓု" ခေါ်လိုက်တာနဲ့ နှစ်ကာလ အကြာကြီး အစာငတ်၊ ရေငတ်ခဲ့ရတဲ့ အဲဒီ "ပြိတ္တာ" တွေကလည်း ဝဝလင်လင် စားသောက်ခွင့်ရကြသတဲ့


အမလေး--အဲဒီလို ဆာလောင်ငတ်မွတ်တဲ့ကိစ္စတော့ ကြောက်စရာကြီး--နော်--

ကဲ--အဲဒီတော့--"ခိုးမှု" ဆိုတဲ့ "ကာယဒုစရိုက်" ကိုလည်း ရှောင်ကျဉ်ကြမှ အပါယ်ဘုံကို မကျရောက်မှာပေါ့

တင်ပါ့--ဘုရား--

ဦးပဉ္စင်း "ဇဝန" ၏ စကားအဆုံးတွင် "ရွှေဘုတ်မ" က တံတွေးမျိုချလိုက်မိသည်။


http://www.dhammadownload.com






Wednesday, September 28, 2011 11:46:28 PM

http://www.dhammadownload.com



http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com

"ကောသလမင်း" က အဲဒီအထူးစစ်သည်ကို
သာဝတ္ထိမြို့အပြင်ဘက် အတော်လှမ်းတဲ့မြစ်ကမ်းဘေးက
မြေဝါမှန့် နဲ့ ကုမုဒြာကြာတို့ကို နေ့ချင်းအရောက်
ယူဆောင်ဆက်သဖို့ အမိန့်တော်မှတ်လိုက်တယ်

ယူဆောင်ဆက်သနိုင်ရင်
ဆုလာဘ်များစွာ ချီးမြှင့်မယ်--မယူနိုင်ခဲ့ရင်တော့
သေဒဏ်စီရင်ခံရမယ်--လို့--အမိန့်ချတာလေ

အဲဒီ--မြစ်စောင့် နဂါးကြီးက
မြစ်ကမ်းမှာရှိတဲ့ မြေဝါမှန့် နဲ့ ကုမုဒြာကြာ ကို
ထိပါးလာသူမှန်သမျှ အသက်ချမ်းသာခွင့်
မပေးဘူးတဲ့လေ--

ဒီတော့--အဲဒီ"အထူးစစ်သည်တော်"
အတွက် အသက်ရှင်စရာလမ်းမရှိတော့ဘူးပေါ့
အဲဒီ လူသေတော့မှ--သူဇနီးချောလေးကို
ဘုရင်က သိမ်းပိုက်မယ်--မဟုတ်လား

ဒါပေမယ့်--"ကောသလမင်း"
ထင်သလိုဖြစ်မလာဘူး--"အထူးစစ်သည်တော်"က
လမ်းခရီးမှာတွေ့ရတဲ့--အဘိုးအိုတစ်ဦးကို--သူမှာပါလာတဲ့
စားစရာ ရိက္ခာထဲက စားဦးစားဖျားကိုယူပြီး--အဘိုးအိုကို
ကျွေးမွေးပြုစုလိုက်တယ်လေ--

ဗိုက်ဆာနေရှာတဲ့--အဘိုးအိုကို ကျွေးမွေးပြုစုလိုက်ရတဲ့--ကုသိုလ်ကောင်းမှုကို
အကြောင်းပြုပြီး--မြစ်စောင့်နဂါးကြီးက--သူ့အပေါ် ရန်မရှာတော့ဘဲ--သူ့အလို
ရှိတဲ့--မြေဝါမှန့် နဲ့ ကုမုဒြာကြာ ကို အသာတကြည်ပဲ ပေးလိုက်တာပေါ့--

http://www.dhammadownload.com

မြေဝါမှုန့်နဲ့ ကုမုဒြာ ကြာကိုရလာတဲ့
"အထူးစစ်သည်တော်"က ညနေ သာဝတ္ထိမြို့တံခါး
မပိတ်ခင် အချိန်မီ အပြေးပြန်လာခဲ့တယ်လေ

ဒါပေမယ့်--သာဝတ္ထိမြို့တံခါးကို
ရောက်လုရောက်ခင်မှာပဲ မြို့တံခါးကြီးက
ပိတ်သွားပြီလေ--ဒီတော့--သူလည်းစိတ်ပျက်လက်ပျက်နဲ့
အဲဒီမြေဝါမှုန့် နဲ့ ကုမုဒြာကြာကို မြို့တံခါးဝမှာ ချထားခဲ့ပြီး
"ဇေတဝန်" ကျောင်းတော်ကြီးဆီ ခြေဦးလှည့်ခဲ့
တာပေါ့---

အင်း--ဘယ်လိုပဲဖြစ်ဖြစ်--
သေဒဏ်ကျရမယ့်အတူတူ--ဒီညအတူက်တော့
ဘုရားရှင်ဟောကြားတဲ့ တရားတော်ကိုနာရင်း--
ဇေတဝန်ကျောင်းမှာပဲ ညအိပ်လိုက်တာ
အကောင်းဆုံးပဲလေ--

အဲဒီညမှာပဲ--"ကောသလမင်း"ညဘက်အိပ်ပျော်နေတုန်း
သန်းခေါင်အချိန်လောက်မှာ အိပ်မက်ဆိုးတွေမက်ပြီး လန့်နိုးလာသတဲ့

အမလေး--အိပ်မက်ထဲမှာ--
တွေ့လိုက်ရတဲ့မြင်ကွင်းက ငရဲပြည်ရဲ့မြင်ကွင်းပဲ
ဖြစ်ရမယ်--ကြောက်စရာကောင်းလိုက်တာ--

ဒိ...သိ...

အဲဒီအချိန်မှာပဲ--
အသံနက်ကြီး တစ်ခုကို သေသေချာချာ
သဲသဲကွဲကွဲ--ကြားလိုက်ရတယ်

နံ...ဂေါ...

http://www.dhammadownload.com

"ကောသလ"မင်းက "ဒ--သ--န--သော"ဆိုတဲ့--အသံနက်ကြီးကို--
ကြားနေရတော့ အရမ်းကြောက်လန့်နေတယ်လေ--

ကိုယ်က သူများဇနီးမယားကို သိမ်းပိုင်ချင်လို့
မဟုတ်ကဟုတ်ကတွေ့ ကြံနေတဲ့သူဆိုတော့
သူလိပ်ပြာ သူမလုံဘူးပေါ့

ဒါနဲ့--ကြောက်လန့်ပြီး သူရဲ့ပုဏ္ဏားတော်တွေ့ကို
အဲဒီအသံနဲ့ပတ်သက်ပြီး မေးတဲ့အခါ--ပုဏ္ဏား
တော်တွေ့က --မသိရင် မသိဘူးလို့မဖြေဘဲ--
ပေါက်ကရတွေ့လျှောက်တင်ကြတယ်--

အရှင်မင်းကြီးရဲ့--အသက်အန္တရာယ်အတွက် စိုးရိမ်စရာ အတိတ်နိမိတ်ဆိုး အသံ
ဖြစ်ကြောင်း--ဒါကြောင့်--ဆင်ကောင်ရေတစ်ရာ--မြင်းတစ်ရာနှားတစ်ရာ--
ဆိတ်တစ်ရာ--သိုးတစ်ရာ--ဝက်တစ်ရာကြက်တစ်ရာ--နဲ့အတူ--ကလေးငယ်--
တစ်ရာရဲ့လည်ချောင်းသွေးတွေနဲ့--ယာဇ်ပူဇော်မှ--မင်းကြီးရဲ့--အသက်အန္တရာယ်က
လွှတ်ခွင့်ရမှာပါ--လို့---လျှောက်တင်ကြသတဲ့


ဒါကို--မိဖုရားကြီး"မလ္လိကာ"သိသွားတော့
ချက်ခြင်းပဲ မင်းကြီးကို--သတိပေးပြီး--ဒီလို
မလုပ်ဖို့--တားရတော့တာပေါ့

ဒီကိစ္စအတွက် အဖြေမှန်ကိုသိလိုရင်
ဇေတဝန်ကျောင်းတော်ကြီးက
"ဂေါတမ"ဗုဒ္ဓ ဘုရားရှင်ထံ သွားပြီး
လျှောက်တင်မေးမြန်းဖို့--မင်းကြီးကို
အကြံပြုတော့မှ--

မင်းကြီးလည်း--မိဖုရားကြီးရဲ့စကားကို လက်ခံတော်မူလိုက်တယ်

http://www.dhammadownload.com

ပြီးတော့--"ဂေါတမ"ဗုဒ္ဓဘုရားရှင်ထံကို ညတ္တင်းချင်းပဲ ထွက်လာခဲ့တယ်



ဘုရားရှင်ကို အကျိုးအကြောင်းမေးလျှောက်တဲ့အခါ ဘုရားရှင်က မင်းကြီးကြားလိုက်ရတဲ့အသံက မင်းကြီး အတွက် အသက်အန္တရာယ်ကျမယ့် နိမိတ်ဆိုးတွေ မဟုတ်ကြောင်း--



"လောဟကုမ္ဘိ" ဝရဲအိုးကြီးမှာ ဝရဲကျနေရတဲ့ ဝရဲသား လေးယောက်ရဲ့ အော်သံ တစ်ပိုင်း တစ်စတွေကို ကြားလိုက်ရတာ ဖြစ်ကြောင်း--ပြောပြပြီး---



အဲဒီလို"ဒု--သ--န--သော"လို့ အော်နေကြတဲ့ ဝရဲသားလေးယောက်ရဲ့ အကြောင်းကို ဟောကြားတော်မူတာပေါ့--


အလကားပါကွာ--လူတွေကို-- အဲဒီ"ဝရဲ"ဆိုတာကြီးနဲ့ ခြောက်လှန့်ပြီး ပြောချင်ရာပြောနေတာပါ--တို့တော့ မယုံပါဘူး---



ဒီဝရဲသားလေးယောက်ဟာ-- "ကဿပ"ဗုဒ္ဓဘုရားရှင်ပွင့်တော် မူစဉ် အခါက သူဌေးသားလေးယောက် ဖြစ်ခဲ့ဖူးသတဲ့--သူတို့လေးယောက်ဟာ ဗုဒ္ဓသာသနာနဲ့ ကြုံနေရပေမယ့် ဗုဒ္ဓအဆုံးအမတွေကို ယုံကြည်မှု မရှိဘူးလေ--

ဟုတ်တယ်--လူဖြစ်တဲ့အချိန်မှာ ခုလို ချမ်းချမ်းသာသာနဲ့ စည်းစိမ်တွေခံစားနေရမှ လူဖြစ်ရကျိုးနပ်တာ--အဆွေတော်--ရဲ့--

ဟုတ်ပဗျာ--အလကားနေရင်း-- ဟိုဟာ--မလုပ်နဲ့--ဒီဟာမလုပ်နဲ့--လာပြီးဆုံးမနေတာ တို့ကတော့--လုပ်ချင်တာအကုန်လုပ်မှာပဲ



အဲဒီသူဌေးသားလေးယောက်ဟာ လင်ယောကျ်ားရှိတဲ့မိန်းမ တွေ၊ အုပ်ထိန်းသူ ရှိတဲ့ မိန်းမပျိုလေးတွေကို ဇင်္ကြေးဓန အင်အားနဲ့ မြှူဆွယ်ပြီး သိမ်းပိုက်ပျော်ပါး--စည်းစိမ်ခံစားကြတယ်လေ--

အဲဒါ--"ကာမေသုမိစ္ဆာစာရက်"ဆိုတဲ့ ကာယဒုစရိုက်မှုကို ကျူးလွန်နေမိကြကြောင်း သူတို့ မသိကြဘူးမဟုတ်လား--

Cyan Magenta Yellow Black

http://www.dhammadownload.com

သူဌေးသားလေးယောက်တို့ဟာ "ကောင်းမှု"ပြုဖို့
လုံးဝမေ့လျော့နေကြပြီး "မကောင်းမှု"(ဒုစရိုက်)
ဖြစ်တဲ့ သူများမယားတွေကို စော်ကားဖျက်ဆီးပြီး
လူဘဝမှာ အချိန်တွေကုန်ခဲ့ကြတယ်လေ--



ဒီတော့--သူတို့လေးယောက် လူဘဝက သေတဲ့အခါ "အဝီစိ" ငရဲကို
တန်းရောက်ပြီး မချိမဆံ့ခံကြရတာ မဟုတ်လား--




အဲဒီလို--အဝီစိငရဲ မှာ နှစ်ကာလအကြာကြီး ငရဲခံနေပြီးတော့မှ
"အဝီစိငရဲ"က လွတ်ခဲ့ရတယ်--ဒါပေမယ့် သူတို့ပြုခဲ့တဲ့ မကောင်းမှု
ဒုစရိုက်ရဲ့ အပြစ်အတွက် အပြစ်ခံရဖို့ကျန်နေသေးတာကြောင့်
"လောဟကုမ္ဘီ"ဆိုတဲ့ "ကြေးအိုးကြီးငရဲ"မှာ ထပ်ပြီး ငရဲခံကြရပြန်တယ်။

အဲဒီသူဌေးသားလေးယောက်တို့ဟာ အဲဒီ
"ကြေးအိုးကြီးငရဲ"မှာကြေးရည်ပူထဲ နှစ်ပေါင်းများစွာ
နစ်မြုပ်နေရပြီးမှ-- ကြေးရည်ပူမျက်နှာပြင်ပေါ်ကို
ခဏတာ ပေါ်ခွင့် ရကြတယ်--

အဲဒီလို--ခဏလေးပေါ်ရတုန်းမှာ--သူတို့လေးယောက်ဟာ
"သူတို့မှားပါပြီ--နောင်တရပါပြီ"--လို့ အပြည့်အစုံမအော်နိုင်ဘဲ
"ဒု"--"သ"--"န"--"သော"ဆိုပြီး တစ်လုံးစီပဲ အော်လိုက်ရုံရှိသေး--
ပြန်ပြီးနစ်မြုပ်ခဲ့ကြရပြန်တယ်


ဒါကြောင့်--အဲဒီသူဌေးသားလေးယောက် အော်တဲ့ "ဒု--သ--န--သော"ဆိုတဲ့ အသံကို "ကောသလ"မင်းကြီး ကြားလိုက်ရတာဖြစ်ကြောင်း
သိလိုက်ရတော့မှ-- "ကောသလ"မင်းလည်းသူကြဲစည်နေမိတဲ့ မကောင်းမှုအတွက် အလွန်နောင်တရနေမိတော့သတဲ့





"ကောသလ"မင်းဟာ အဲဒီလိုနောင်တရနေမိရင်း
ဘုရားရှင်ရှေ့မှာ တရားနာနေတဲ့ သူတော့ကို အမှတ်မထင်
ကြည့်လိုက်မိတဲ့အခါ--သူ အမိန့်ကြောင့် "သာဝတ္ထိ"မြို့တွင်း
ဝင်ခွင့်မရလို့ ဘုရားရှင်ထံမှာ တရားနာနေတဲ့---
"အထူးစစ်သည်တော်ကြီး"ကို တွေ့လိုက်ရတာပေါ့

http://www.dhammadownload.com





http://www.dhammadownload.com


အဲဒီလို--"ကာမေသုမိစ္ဆာစာရကံ"ပြုခဲ့မိတဲ့အပြစ်ကြောင့်
လူဘဝ ဖြစ်ခွင့်ရပေမယ့် ဝဋ်ကြွေးတွေ ပေးဆပ်ရဦးမှာလေ
ဘယ်လိုဝဋ်ကြွေးတွေလဲ--ဆိုတော့

(၁) လူမုန်းများခြင်း
(၂) ရန်သူများခြင်း
(၃) ပစ္စည်းဥစ္စာ ဆင်းရဲ၍ လာဘ်လာဘရှားပါးခြင်း
(၄) ချစ်သောသူခ မှ ကင်းစွာနေကြရခြင်း
(၅) မိန်းမ(ယုတ်ညံ့သောမိန်းမ)ဖြစ်ရခြင်း
(၆) မိန်းမရှာ၊ ယောကျ်ားရှာ ဖြစ်ရခြင်း
(၇) အမျိုးယုတ်၌ လူဖြစ်ရခြင်း
(၈) မျက်နှာပျက်စရာ အရှက်တကဲ့အဖြစ်ဆိုးဖြစ်ရခြင်း
(၉) ခြေ၊လက်၊ အင်္ဂါ၊ ချို့ယွင်းသူ၊ မလှမပ အဆင်းဖြစ်ရခြင်း
(၁၀) စိုးရိမ်သောကများနေရခြင်း
(၁၁) ချစ်သူနှင့်ကွေကွင်းရခြင်း

ဆိုတဲ့ ဝဋ်ကြွေးတွေ ပေးဆပ်ကြရမှာ--လို့ ကျမ်းစာအုပ်ထဲမှာ
အတိအလင်းပါရှိတယ်--ကွဲ--











အပါယ်သို့ကျစေတတ်သည့်"မကောင်းသောအကျင့်"ဟူသော "ဒုစရိုက်"ကို လုံးဝမပြုမိစေရန်
ထိန်းသိမ်းနေထိုင်သွားမည်ဟု--သူတို့မောင်နှမနှစ်ယောက် စိတ်ဆုံးဖြတ်လိုက်မိကြပါတော့သည်။

ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊ အသုရကာယ် ဟူသည့် "အပါယ်လေးဘုံ" သို့ ကျရောက်စေနိုင်သည့် အကုသိုလ်များ
ဖြစ်ကြသော "ဝစီဒုစရိုက် (၄)ပါး" ၏ အကြောင်းကို "ရွှေမောင်း" ဓမ္မရသသုတရုပ်စုံ အမှတ်(၅)တွင် စောင့်မျှော်
ဖတ်ရှုတော်မူကြပါ။

သူတော်ကောင်းဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ
ပန်းချီ
ဖုန်း ၀၉ ၅၀၆၀၁၀၇

http://www.dhammadownload.com

ShweMong Colourful MiniComic No. 4 OCTOBER 2011

အလိုတော်ပြည့်စာပေမှ ထွက်ရှိပြီးစာအုပ်များ

ရွှေမောင်း အမှတ်စဉ် (၁)
ဇူလိုင်လ၊ ၂၀၁၁
"ဩကာသ--ဟူသည်"

"ဩကာသ"ကန်တော့ခြင်းကို အဓိပ္ပါယ်အလုံးစုံ သိရှိကြစေရန်အတွက် သရုပ်ဖော်ရေးဆွဲထားပါသည်။

ရွှေမောင်း အမှတ်စဉ် (၂)
သြဂုတ်လ၊ ၂၀၁၁
"ငရဲ--ဟူသည်"




"ငရဲ"ဘုံမှ ငရဲကြီးရုစ်ထပ် နှင့် ငရဲငယ်များအကြောင်း ပြည့်စုံစွာဖော်ပြရေးဆွဲထားပါသည်။

ရွှေမောင်း အမှတ်စဉ် (၃)
စက်တင်ဘာလ၊ ၂၀၁၁
"ပြိတ္တာ--ဟူသည်"

"အပါယ်"ဘုံမှ "ပြိတ္တာ"တို့၏ အကြောင်းကို သိစေရန်ဥပမာဇာတ်တော်ဖြင့် ရေးဆွဲ တင်ပြရှင်းလင်းထားပါသည်။

ရွှေမောင်း အမှတ်စဉ် (၄)
အောက်တိုဘာလ၊ ၂၀၁၁
"ကာယဒုစရိုက်--ဟူသည်"

"အပါယ်"ဘုံသို့ ကျရောက်စေတတ်သော မကောင်းမှု "ဒုစရိုက် ၁၀ ပါး"အနက်မှ "ကာယဒုစရိုက် ၃ ပါး"အကြောင်းကို ရေးဆွဲတင်ပြထားပါသည်။


ရွှေမောင်း ဆေးရောင်စုံရုပ်ပြ ဇာတ်ရည်သုတရုပ်စုံ

လစဉ် ပုံမှန် ထွက်နေပါပြီ

လေးမှာယူလိုသူများ အတွက် အောက်ပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက အိမ်အရောက် စရိတ်ငြိမ်း ပို့ပေးပါမည်။

	ရန်ကုန်မြို့	နယ်မြို့
၆ လစာ(၆ အုပ်)အတွက်	၂၅၀၀ ကျပ်	၃၀၀၀ ကျပ်
၁၂ လစာ(၁၂ အုပ်)အတွက်	၅၀၀၀ ကျပ်	၆၀၀၀ ကျပ်

လေးမှာယူသူများ၏ နေရပ်လိပ်စာအပြည့်အစုံကိုဖော်ပြ၍ အလိုတော်ပြည့် စာပေ သို့ ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တိုက်ရိုက်ဆက်သွယ်မှာကြားနိုင်ကြပါပြီ။ နယ်မှ လေးမှာလူလိုသူများသည် မိမိ၏နေရပ်လိပ်စာအပြည့်အစုံကို ဖော်ပြ၍ အလိုတော်ပြည့်စာပေ သို့ အောက်ပါလိပ်စာအတိုင်း စာတိုက်မှ M.O ဖြင့် ငွေလွှဲ ပို့ပေး ပါက မှာယူသူထံသို့ လစဉ် စာတိုက်မှ ပို့ပေးမည်ဖြစ်ပါသည်။ မိမိမှာယူလိုသည့် ရွှေမောင်း ဓမ္မရသသုတရုပ်စုံ ၏ အမှတ်စဉ် ကိုလည်း သေချာစွာ ရေးသွင်းဖော်ပြပေးပါရန်။

ဦးစိုးပိုင် ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၁၅ ။
အလိုတော်ပြည့်စာပေ၊ အမှတ်(၂၇) ၅-လွှာ၊ ၁၅၆-လမ်း၊ တာမွေစာတိုက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇၊ ၀၉ ၇၃၀ ၅၄၇၉

အထူးအစိအစဉ်

ရွှေမောင်း ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ဓမ္မဒါန"ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး ရန်ကုန်နှင့်အနီးတဝိုက်မှ မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ်မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ကြိုတင်ငွေပို့ စနစ်ဖြင့် မှာယူပါက စရိတ်ငြိမ်း ပို့ပေးပါမည်။

ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲ ။ M.O.B (တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ။ ကမ္ဘောဇဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) သို့ "ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဦးစိုးပိုင်၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၁၅ ။ ဖုန်း ၀၉ ၇၃၀ ၅၄၇၉ ။ ၀၉ ၅၀၆၀၁၀၇ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။

အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည်လုံးကျွတ်မြန်မာ့ရေး
အလိုတော်ပြည့် စာပေ
အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၉ ။

တန်ဖိုး ၅၀၀ ကျပ်

■ ထုတ်ဝေသူ■ဦးဟန်စိန်၊ ကျိုတော်လစဉ်၊ ၀၄၁၂၇၊ အခန်း(၄၀၁)၊ တိုက်(၂၆)၊ ၁၂ လမ်း(ဘီ)၊ ယုဇနဥယျဉ်အိမ်ရာ၊ ၄၉ရပ်ကွက်၊ ဒဂုံရပ်သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
■ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ■ဒေါ်ခင်စီ(၀၁၄၇၀)မေတ္တာမိုးပုံနှိပ်တိုက်၊ အမှတ် ၁၉ ၊ ဒေါ်ဖွားရှင်လမ်း၊ ဒဂုံရပ်သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၁ ၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။

Cyan Magenta Yellow Black